**Kimberly Carter**
Superintendent
Battle Creek Public Schools
kcarter@battlecreekpublicschools.org
269.965.9465

သို့ BCPS မိသားစုများရှင့်၊

ဤအချိန်ကာလသည် COVID-19 ကြောင့်၊နိုင်ငံအတွင်းရှိကျောင်းသားများ နှင့် ဆရာ/မများအားလုံး၊ ကြိုတင်မမြင်နိုင် သောစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရပါသည်။ သို့ရာတွင် BCPS မှာတော့ဤကဲ့သို့စိန်ခေါ်မှုများရင်ဆိုင်နေချိန်မှာဘဲ၊ ကျွန်ုပ် တို့၏ စစ်မှန်သောစေတနာ၊မေတ္တာများကိုပြသနိုင်ပါသည်။ **ကျွန်ုပ်တို့၏ ကျောင်းသားများသည် စိတ်ဓာတ်ကြံ့ခိုင်ပြီး၊ ခံနိုင် ရည်ခွန်အားအပြည့်ရှိနေကြပါသည်။ ထိုနည်းတူ ဆရာ/မများသည်လည်းနိုင်ငံအတွင်းအကောင်းဆုံးပုဂ္ဂိုလ်များဖြစ်ကြပါ သည်။ ရပ်မိရပ်ဖပြည်သူများကလည်းကျွန်ုပ်တို့နှင့်အတူရပ်တည်ပေးနေကြပါသည်။**

ဤရက်သတ္တပတ်တွင် Battle Creek အစိုးရစာသင်ကျောင်းအနေဖြင့်၊ နေအိမ်တွင်သင်ကြားခြင်းအစီအစဉ်ကို တရားဝင် စတင်ခဲ့ပြီဖြစ်ပါသည်။ ကျောင်းသားများ၏ ဤပညာသင်နှစ်၏ ကျန်နေသေးသောနေ့ရက်များ အတွက်မေးခွန်းများရှိနေ လိမ့်မည်ဟုကျွန်ုပ်သိပါသည်။ သင်ပြောလိုသောစကားများကို ကျွန်ုပ်တို့သိနေ၊ကြားနေပါသည်။ ထို့ကြောင့်သင့်ကိုကူညီရန် ရှိနေကြပါသည်။

ကျောင်းသားများအတွက် ဒီလိုမျှော်လင့်ထားပါသည်။

## နေအိမ်တွင်သင်ကြားခြင်း။At-Home Learning

ဤ အစီအစဉ်သည် ကျောင်းသားများအတွက် သင်ကြားခြင်းမရပ်စဲရအောင်၊ နေအိမ်တွင်ဆက်လက်ပညာသင်ကြားနိုင် ရန် အတွက်ရေးဆွဲထားခြင်းဖြစ်ပြီး၊ ၎င်းမှတဆင့် ကျောင်းသား နှင့် ဆရာ/မများ သို့မဟုတ် အခြားတာဝန်ရှိသူများနှင့် ချိတ်ဆက်၊ ဆက်သွယ်၍ရသောနေရာလည်းဖြစ်ပါသည်။ ဆရာ/မများသည် ရက်သတ္တပတ်တွင် တစ်ကြိမ် ကျောင်းသား များအတွက် လေ့ကျင့်ခန်းများ၊ အိမ်စာများကို အွန်လိုင်းသင် ခန်းစာ နှင့် စာရွက်အထုပ်၌ရှင်း ပေးမှာဖြစ်ပါသည်။  ထိုသတ်မှတ်ထား သောအိမ်စာများ၊ လေ့ကျင့်ခန်းများအတွက် တစ်ပတ်တွင် တစ်ကြိမ်ဆရာ/မများမှ ဖုန်းဖြင့်ဆက်သွယ်ပြီး၊ သင် ခန်းစာ နှင့်ပတ်သက်သောအကြောင်းအရာများကို ပြန်လည်ဆွေးနွေးပေးမှာဖြစ်ပါသည်။

**မူကြို- သူငယ်တန်း မှ ၅တန်း** အထိကျောင်းသားများအတွက် သင်ခန်းစာများကို စာတိုက်မှတဆင့် စာရွက်(paper packets)ဖြင့်ပို့ပေးနေတာဖြစ်ပါသည်။ ဧပြီလ ၁၃ ရက်အပတ်တွင်ပထမတစ်ကြိမ်လက်ခံရရှိပြီဖြစ်ပြီး၊ ဒုတိယအကြိမ်ကို ဧပြီလ ၂၇ အပတ်တွင်ပို့ပေးမှာဖြစ်ပါသည်။ အကယ်၍ ပထမအကြိမ်အတွက် လက်ခံမရသေးပါက၊သို့မဟုတ် ဆရာ/မများ ထံမှ မည်သည့်စကားသံမှမကြားရသေးသော်ငြင်း သင့်ရဲ့ နေရပ်လိပ်စာ သို့မဟုတ် ဖုန်းနံပါတ်ပြန်ပြီးစစ်ဆေးပေးပါ။ ပြန်လည်ပြုပြင် (update) ရန်လိုအပ်ပါက၊ ပြန်ရေးပေးပါနော်။ battlecreekpublicschools.org/learningathome. အကယ်၍ ဧပြီလ ၂၄ ရက်တွင် ဖုန်းလက်ခံရရှိခြင်းမရှိပါက၊ သင့်ကလေးကျောင်း၏ ကျောင်းအုပ်ကြီးထံ ဆက်သွယ်ပေးပါ။

**Kimberly Carter**
Superintendent
Battle Creek Public Schools
kcarter@battlecreekpublicschools.org
269.965.9465

ဆရာ/မများမှ ကျောင်းသားများအတွက် သင်္ချာဘာသာရပ် နှင့် အင်္ဂလိပ်ဘာသာရပ် များကို လေ့ကျင့်ခန်းလုပ်ရန် စာရွက် ၌အပတ်စဉ်ပြုလုပ်သွားပေးမှာဖြစ်သောကြောင့်မိဘသားစုများအနေဖြင့်အချိန်ရှိတိုင်းလေ့ကျင့်ပေးသွားဖို့အားပေးလိုပါသည်။ မူလတန်းဆရာ/မများအနေဖြင့် ကျောင်းသားများအတွက် စာရွက်ဖြင့်ပို့ပေးရုံသာမက၊ အွန်လိုင်းမှတဆင့် Google Classroom နှင့် Clever သို့မဟုတ် Seesaw စာမျက်နှာတို့ကိုအသုံးပြုပြီးသင်ကြားပေးသွားမှာဖြစ်ပါသည်။ ကျောင်းသားများသည် အပတ်စဉ်အိမ်စာရှိမှာဖြစ်ပါသည်။ အသေးစိတ်ကိုလေ့လာလိုပါက၊ battlecreekpublicschools.org/learningathome သို့လေ့လာပါ။ အွန်လိုင်းသင်ခန်းစာများနှင့်ပတ်သက်ပြီး၊ အခက် အခဲရှိပါက၊ helpdesk@battle-creek.k12.mi.us သို့ဆက်သွယ်နိုင်ပါသည်။

အွန်လိုင်းမှတဆင့်ပညာသင်ကြားနိုင်ရန်အတွက် Chromebook ကိုဝေပေးနေပါသည်။ သတ်မှတ်ထားသောရက် နှင့် အချိန်တွင် မထုတ်နိုင်ပါက၊ (၂၆၉) ၂၄၅- ၆၁၂၉ သို့အကြောင်းကြားပေးနိုင်ပါသည်။ အကယ်၍ wifi မရှိပါက၊ Comcast သို့မဟုတ် AT&T တို့မှ အခမဲ့တပ်ဆင်ပေးမှာဖြစ်ပါသည်။ သင်နေထိုင်သောဧရိယာအတွင်းအင်တာနက်ချိတ်ဆက်မှု မရှိ သေးဘူးဆိုရင် ကျွန်ုပ်တို့ကိုဆက်သွယ်ပေးနိုင်ပါသည်။

## အစားအစာ (Meals)

စာသင်ကျောင်း၏ စီစဉ်ပေးထားသော နံနက်သရေစာ နှင့် နေ့လည်စာသည် ကျောင်းသားမိသားစုများ၏ အဟာရ အတွက် အရေးကြီးသောကြောင့်၊ ၎င်းအစီအစဉ်ကို ဤစာသင်နှစ်ကုန် မေလကုန် အထိဆက်လက်ဝေပေးသွားမှာဖြစ်ပါသည်။ အစာထုပ်ထုတ်ယူရမည့်အသေးစိတ်ဖော်ပြထားသောနေရာကိုနှိပ်ပေးပါ။ battlecreekpublicschools.org/news

## အဆင့်များသတ်မှတ်တိုင်းတာခြင်းတိုးတက်မှု(Measuring Progress)

ဤအချိန်တွင်ကျွန်ုပ်တို့အနေဖြင့်၊ ကျောင်းသားနှင့်မိသားစုများအတွက်အရေးကြီးဆုံးလုပ်ဆောင်လိုသည် မှာ ဒီအချိန်တွင်ကြုံတွေ့နေသောစိတ်ဖိစီးမှုများလျော့ချပေးရန်ဖြစ်ပါသည်။ ယခုလိုတစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဆိုက် ကပ်စဉ်တွင် ကျောင်းသားများ၏ပညာရေးရမှတ် အဆင့်သတ်မှတ်ချက်များသည်ဦးစားပေးလုပ်ရမည့်အရာမဟုတ်ဘူးဆို တာကျွန်ုပ်တို့နားလည်ပါသည်။ ကျောင်းသားအားလုံးသည် သတ်မှတ်ထားသောသင်ခန်းစာများ၊ရှိသော်လည်း ပြီးမြောက် မှာမဟုတ်ကြောင်းကိုနားလည်ပါသည်။ သို့ရာတွင် FALL တွင်ကျောင်းပြန်တက်သောအခါပြန်လည်ဖြည့်ဆည်းပေးမှာဖြစ် ပါသည်။

ကျောင်းသားအားလုံးသည် အွန်လိုင်းသင်ကြားရေးအစီအစဉ်မှ သတ်မှတ်ထားသောသင်ခန်းစာများ၊ အိမ်စာများလုပ် ဆောင် ရန်ရှိနေမှာဖြစ်သော်လည်း၊ ဤကျောင်းပိတ်ရက်အတွင်း ၎င်းတို့၏ အဆင့်သတ်မှတ်ချက်မှတ်တမ်း (Report Card) ရရှိလိမ့်မည်မဟုတ်ပါ။ နှစ်ကုန်မှတ်တမ်းများကို မတ်လ ၁၁ ရက်နေ့တွင် မိသားစုများထံသို့ပို့ပေးမှာဖြစ်ပါသည်။ ဤအဆင့်ရမှတ်မှတ်တမ်း(Report Card) သည် ၎င်းတို့၏အတန်း- အဆင့်အပေါ်အခြေခံပြီး၊ **(AP-** သတ်မှတ်ချက်အဆင့် ရောက်ခါနီးပြီ။ **AT-** သတ်မှတ်သောအဆင့်မှာရှိနေသည်။ **AB-** သတ်မှတ်ထားသောအဆင့်၏ အထက်မှာရှိနေသည်။ **AC-** စိုးရိမ်စရာရှိနေပါသည်။) အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်ချက်အရ

**Kimberly Carter**
Superintendent
Battle Creek Public Schools
kcarter@battlecreekpublicschools.org
269.965.9465

တတိယတန်းစာဖတ်ခြင်းအဆင့်လျော့နည်းခြင်းစီမံကိန်းကို လည်းရက်တိုးလိုက်သောကြောင့်ကျောင်းသားများကို အတန်းတင်မှာဖြစ်ပါသည်။

**သင့်ကိုကူညီရန်ကျွနိုပ်တို့ရှိနေပါသည်။ (We are Here to Support You)**

- နည်းပညာအကူအညီအတွက်အကူအညီလိုအပ်ပါက၊ helpdesk@battlecreekpublicschools.org သို့ဆက်သွယ်ပေးနိုင်ပါသည်။
- နည်းပညာကိရိယာ၊ အစာထုပ်ထုတ်ယူချိန် နှင့် အခြားကိစ္စ အရပ်ရပ်တို့အတွက်အကူအညီလိုအပ်ပါက၊ (၂၆၉)၂၄၅-၆၁၂၉ သို့ဆက်သွယ်နိုင်ပါသည်။
- စပိန်ဘာသာစကားအတွက်အကူအညီလိုအပ်ပါက (၂၆၉) ၄၁၉-၁၉၇၈ သို့ရင်း၊ မြန်မာဘာသာစကားအတွက်အကူအညီလိုအပ်ပါက (၂၆၉) ၆၀၁-၆၀၂၉  သို့ရင်းဆက်သွယ်နိုင်ပါသည်။

ယခုလိုခက်ခဲသောအချိန်ကာလတခုဖြတ်သန်းနေစဉ်တွင်သင့်ရဲ့ကြံ့ခိုင်မှုအတွက် နှင့် အိမ်တွင်နေရေးလမ်းညွှန်ချက်ကို လိုက်နာပေးသောကြောင့်ကျေးဇူးအထူးတင်ရှိပါသည်။ BCPS မှသင့်ကိုကူညီပေးရန်ရှိနေသည်ဆိုတာမမေ့ပါနှင့်နော်။ ကျွန်ုပ်တို့သည် BCPS နှင့် Battle Creek တို့အပေါ်ယုံကြည်မှုရှိပါသည်!

ကျန်းမာရွှင်လန်းကြပါစေ။
Kimberly Carter, မြို့နယ်ပညာရေးမှူး။
Battle Creek အစိုးရစာသင်ကျောင်း။